KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

ဓါတ်ပုံသတင်း

ဖေဖော်ဝါရီလ ၂၄ရက်, ၂၀၁၆ / KHRG စာအမှတ်-16-3-PS1

# သထုံခရိုင်၊သထုံမြို့နယ်တွင်ဖြစ်ပေါ်သော မြေယာသိမ်းဆည်းခြင်း၊ ဇန်နဝါရီလ - အောက်တိုဘာလ ၂၀၁၅ခုနှစ်

ဤဓါတ်ပုံသတင်းသည် သထုံခရိုင်၊ သထုံမြို့နယ်တွင် ဇန်နဝါရီလ ၂၀၁၅ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ပြီး အောက်တိုဘာလ ၂၀၁၅ခုနှစ်တွင်ဆောက် လုပ်ပြီးစီးခဲ့သော ကော့စတစ်ဆိုဒ်ါ စက်ရုံကို ပြသောပုံများဖြစ်ပါသည်။ အဆိုပါစက်ရုံသည် ရွာသူရွာသားများ၏ မြေယာများကို သိမ်းယူပြီး ၎င်းတို့ မြေယာပေါ်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။

## ဓါတ်ပုံသတင်း | သထုံမြို့နယ်၊ သထုံခရိုင် (ဇန်နဝါရီလမှ အောက်တိုဘာလ ၂၀၁၅ခုနှစ်)

*အောက်ပါဓါတ်ပုံများသည် လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှလေ့ကျင့်သင်ကြားပေး ထားသော ဒေသခံအဖွဲ့ဝင်များဆီသို့ တင်ပြခဲ့သော သထုံခရိုင်ရှိ ကွင်းဆင်းလုပ်သားတစ်ဦးမှ ရိုက်ကူးခဲ့သော ပုံများ ဖြစ်ပါသည်။ ၎င်းတို့အား အောက်တွင်ဖော်ပြထားပြီး လုံခြုံရေးဆိုင်ရာအတွက် အရေးကြီးသည့်နေရာတွင် စီစစ်ဖြတ်တောက် ထားပါ သည်။*[1] *အောက်ဖော်ပြပါ ဓါတ်ပုံ ၁၆ ပုံတို့အား အခြားသော ဓါတ်ပုံ ၁၂၄ ပုံအပါအဝင် သထုံခရိုင်မှ သတင်းများနှင့် အတူ ရရှိထားပါသည်။*[2]

[1] လူ့အခွင့်အရေးဖြစ်ပျက်ချိုးဖောက်မှု သတင်းအချက်အလက် တစ်ခုချင်းစီအား လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ရွာသူသားများအား ဖြစ်ရပ်များဆိုင်ရာ အင်တာဗျူးခြင်း နှင့် ၎င်းတို့ရင်းနှီးသော နေရာဒေသများတွင် အထွေထွေနောက်ဆုံးရ သတင်းအခြေအနေများအား ရေးသားတင်ပြနိုင်ရန်အတွက် မြန်မာပြည် အရှေ့ပိုင်းတွင်ရှိသော ဒေသခံ အဖွဲ့ဝင်များအား ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှလေ့ကျင့်သင် ကြားပေးပါသည်။

[2] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော သထုံခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ ဓါတ်ပုံမှတ်တမ်းအား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင် ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်း အရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။












အထက်ဖော်ပြပါ ဓါတ်ပုံများသည် KHRG၏ ကွင်းဆင်းလုပ်သားတစ်ဦးမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၀ရက်တွင် သထုံခရိုင်၊ သထုံမြို့နယ်၊ နို့တာဆူ့ကျေးရွာအုပ်စု၊ နို့တာဆူ့ကျေးရွာတွင် ရိုက်ယူခဲ့သော ပုံများ ဖြစ်ပါသည်။ ၎င်းဓါတ်ပုံများသည် သဇင်ငြိမ်းကုမ္ပဏီနှင့် ထွန်းတောက် ငွေကြယ် ကုမ္ပဏီတို့မှ စက်ရုံဝန်ထမ်းများအတွက်အိမ်ယာများဆောက်လုပပေးထားသော ပုံများဖြစ်သည်။[3] [*ပုံ-KHRG*]





[3] စက်ရုံဆောက်လုပ်ခြင်းလုပ်ငန်းတွင် ကုမ္ပဏီပေါင်း (၁၁) လုံးပါဝင်ပါသည်။ ၎င်းတို့မှာ- ၁) Mother Construction ကုမ္ပဏီ၊ ၂) ရည်မွန် ဖားစည်မြေ ကုမ္ပဏီ၊ ၃) ကျော်သာကုမ္ပဏီ၊ ၄) စိန်ရွှေထိပ်တန်း ကုမ္ပဏီ၊ ၅) မြန်မာမဟာထွန်း ကုမ္ပဏီ၊ ၆)ရွှေစင်နန်းတော် ကုမ္ပဏီ၊ ၇) ထွန်းတောက်ငွေကြယ် ကုမ္ပဏီ၊ ၈) သဇင်ငြိမ်း ကုမ္ပဏီ၊ ၉) ငွေစင်ဆန်းသစ် ကုမ္ပဏီ၊ ၁၀) KTK လျှပ်စစ် အင်ဂျင်နီယာ ကုမ္ပဏီ နှင့် ၁၁) ကမ္ဘာသိန်း ကုမ္ပဏီတို့ဖြစ်ကြသည်။



အထက်ဖော်ပြပါ ဓါတ်ပုံများသည် KHRG၏ ကွင်းဆင်းလုပ်သားတစ်ဦးမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် သထုံခရိုင်၊ သထုံမြို့နယ်၊ နို့တာဆူ့ကျေးရွာအုပ်စု၊ နို့တာဆူ့ကျေးရွာတွင် ရိုက်ယူခဲ့သော ပုံများဖြစ်ပါသည်။ ၎င်းဓါတ်ပုံများသည် ကော့စတစ်ဆိုဒါ စက်ရုံတည်ဆောက်ရန် အတွက် မြေယာကို ရှင်းလင်းပြင်ဆင်နေသောပုံ ဖြစ်သည်။ ၎င်းစက်ရုံကို ရွာသူရွာသားများဆီမှ သိမ်းယူထားသော မြေယာပေါ် တွင် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ [*ဓါတ်ပုံ - KHRG*]



အထက်ဖော်ပြပါ ဓါတ်ပုံများသည် KHRG၏ ကွင်းဆင်းလုပ်သားတစ်ဦးမှ ၂၀၁၅ခုနှစ် အောက်တိုဘာလ ၁၄ ရက်တွင် သထုံခရိုင်၊ သထုံမြို့နယ်၊ နို့တာဆူ့ကျေးရွာအုပ်စု၊ နို့တာဆူ့ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ၎င်းဓါတ်ပုံများသည် ရွာသူရွာသားများမှ သိမ်းဆည်းထားသော မြေယာပေါ်တွင် ဆောက်လုပ်ပြီးစီးသော ကော့စတစ်ဆိုဒါ စက်ရုံပုံများ ဖြစ် ပြီး စက်ရုံ၏ အထွေထွေ မန်နေဂျာမှာ ဦးမောင်မြင့် ဖြစ်ပါသည်။ ကော့စတစ်ဆိုဒါ စက်ရုံသည် စက္ကူ၊ ဆပ်ပြာနှင့် အတူ အခြားသောပစ္စည်းများပါထုတ်လုပ်ပါသည်။ [*ပုံ- KHRG*]

# Doo Tha Htoo ( Karen)




KHRG Karen Human Rights Group
Documenting the voices of villagers in rural Burma